**လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် ၂၀၁၇ခုနှစ်မြေသိမ်းဥပဒေ(ကြမ်း) အပေါ် မန္တလေးတိုင်း မကွေးတိုင်း စစ်ကိုင်းတိုင်း ဒေသများမှ အရပ်အဖွဲ့အစည်းများ၏သဘောထား ထုတ်ပြန်ချက်**

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၈ရက်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၇ - ၈) ရက်နေ့ မန္တလေးမြို့တွင် ပြုလုပ်သော ၂၀၁၂လယ်ယာမြေဥပဒေနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)၊ ၂၀၁၂မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)၊ ၂၀၁၇ခုနှစ် မြေသိမ်းဥပဒေ(ကြမ်း) များအားသုံးသပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် မန္တလေးတိုင်း စစ်ကိုင်းတိုင်း မှမြေယာအရေးဆောင်ရွက်နေသူများ၊ တောင်သူလယ်သမားများ စုစုပေါင်း လူဦးရေ (၅၀၀)ဦး တက်ရောက်ဆွေးနွေး ခဲ့ကြရာတွင် ၄င်းဥပဒေ(၃)ရပ်သည် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်မှုမရှိခြင်း၊ လူမှုဘဝလုံခြုံမှုများ ထိခိုက်နစ်နာစေနိုင်ခြင်း၊ ပြည်သူလူထုကို ကျူးကျော်သူအဖြစ် သတ်မှတ်ထားခြင်း မြေယာအရေးကူညီ ဆောင်ရွက်သူများ တက်ကြွလှုပ်ရှားသူများ စသည့် အရပ်ဖက်အဖွဲ့အစည်းများအား အရေးယူနိုင်နေခြင်း၊ ခေတ်အဆက်ဆက် ကျင့်သုံးလာခဲ့သည့် ရိုးယာဓလေ့မြေယာစီမံခန့်ခွဲမှု တစ်ခု ဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစနစ်အား ဆန့်ကျင်လျက်ရှိခြင်း စစ်မှန်သော ဖက်ဒရယ် (ဒီမိုကရေစီ)ပြည်ထောင်စု ဖော်ဆောင်မှုကို ထိခိုက်နှောင့်နှေးစေနိုင်ခြင်း

၁။ ၂၀၁၂လယ်ယာမြေဥပဒေနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၂၀၁၇၊ ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် ၂၀၁၇မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်း ၂၀၁၇ခုနှစ်၊ မြေသိမ်ဥပဒေ(ကြမ်း)များသည် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် တောင်သူလယ်သမား ပြည်သူလူထု၏ မြေယာများကို ထပ်မံသိမ်းယူရန် ဦးစားပေး ရေးဆွဲထားသည့် အတွက် တောင်သူလယ်သမား ပြည်သူလူထု၏ သဘောဆန္ဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိနေသောကြောင့် ထိုဥပဒေများရေးဆွဲ ဆွေးနွေးမှုများကို ချက်ချင်းရပ်ဆိုင်းရန်

၂။ ၂၀၁၂မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် ၂၀၁၇မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းသည် တောင်သူလယ်သမားပြည်သူလူထုကို ကျူးကျော်သူအဖြစ် သတ်မှတ်ထားခြင်း မြေယာအရေး ကူညီဆောင်ရွက်သူများ တက်ကြွလှုပ်ရှားသူများ စသည့်အရပ်ဖက်အဖွဲ့အစည်းများအား အရေးယူနိုင်နေခြင်းနှင့် နဝတအစိုးရလက်ထက်က ပြည်သူလူထု၏မြေများကို မတရားသိမ်းယူရန် လုပ်ဆောင်ခဲ့သည့် အမိန့်ညွှန်ကြားချက်များကို ပြန်လည်အသက်သွင်းထားသည့် ဥပဒေဖြစ်သည့်အတွက် ဖျက်သိမ်းပေးရန်။

၃။ ၂၀၁၇ခုနှစ်မြေသိမ်းဥပဒေကြမ်းသည် မြေယာအချုပ်အခြာအာဏာကို ပြည့်ထဲရေးသို့ လွှဲအပ်ထားပြီး မြေယာများထပ်မံသိမ်းယူရန်နှင့် ရင်းနှီးမြုပ်နှံသူများ အာဏာပိုင်အဖွဲ့အစည်းများအတွက် ရေးဆွဲထားသည့် ဥပဒေဖြစ်သောကြောင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေနိုင်းပြီး ပဋိပက္ခ ဖြစ်လာစေနိုင်သည့်အတွက် ၄င်းဥပဒေအားဖျက်သိမ်းပေးရန်။

၄။ ၂၀၁၂လယ်ယာမြေဥပဒေနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၂၀၁၇သည် လက်ရှိ တိုင်းရင်းသားဒေသတွင် ကျင့်သုံးနေသည့် မိရိုးဖလာမြေယာစီမံခန့်ခွဲမှုများနှင့် ဆန့်ကျင်နေပြီး ဒေသခံ

ပြည့်သူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို အထောက်အကူမပြုသော မြေယာဆိုင်ရာ အခွင့်အရေးများအတွက် အာမခံချက်ပေးသော မြေသိမ်းမှုကိုအားပေးသော ဥပဒေများဖြစ်သည့်အတွက် ၂၀၁၆ခုနှစ်တွင် သမ္မတရုံးကအတည်ပြုခဲ့သော "အမျိုးသားမြေအသုံးချမှုမူဝါဒ" ပါ ကောင်းမွန်သော အချို့အချက်အလက်များဖြစ်သည့် အပိုင်း(၅) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုင်း(၆)မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းဆုံးဖြတ်ခြင်းနှင့် အယူခံဝင်ခြင်း အပိုင်း(၈) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုအခွင့်အရေးများ အပိုင်း(၁၀) ဥပဒေများ သဟဇာတဖြစ်စေခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်း အပိုင်း(၁၁) စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု အပိုင်းများကို အခြေခံ၍

၅။ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း ဒေသများအတွင်း မတရားသိမ်းယူထားသော သိမ်းဆည်းမြေများကို အမြန်ဆုံးလက်ရောက်ပြန်လည်ပေးအပ်ရန်၊ ဖမ်းဆီးထိမ်းသိမ်းထားခံရသော တောင်သူများကို အမြန်ဆုံး လွှတ်ပေးရန်နှင့် လက်ရှိတရားစွဲဆိုခံထားရသော တောင်သူများ၏ အမှုများကို အမြန်ဆုံးရုတ်သိမ်းပေး ရန် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း ဒေသများတွင် မြေယာအရေးလှုပ်ရှားနေသော အဖွဲ့အစည်းများမှ အလေးအနက်ထုတ်ပြန်ကြေညာလိုက်သည်။

ဆက်သွယ်ရန်-

၁။ ကိုသန့်စင် ၀၉ ၂၀၃၇၈၉၀

၂။ ကိုလင်းထင်စိုး ၀၉ ၂၅၉၀၂၉၂၄၃

၃။ ဦးခင်မောင်ကြည် ၀၉ ၂၅၈၃၅၂၇၁၇ ၊၀၉ ၇၇၈၅၂၉၇၉၈

၄။ ဦးကျော်ကျော်ဝင်း ၀၉ ၂၀၃၈၆၅၂

၅။ ကိုအေးသိန်း